# AFRY ရဲ့မြန်မာနိုင်ငံက ထွက်ခွာထွက်ဖို့ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်းနဲ့ စိုးရိမ်ပူပန်စရာတွေ ကျန်ရှိနေဆဲ ဖြစ်ကြောင်း ပူးတွဲထုတ်ပြန်ချက်

ဆွီဒင်အင်ဂျင်နီယာကုမ္ပဏီ AFRY က အငြင်းပွားဖွယ် ရေအားလျှပ်စစ်စီမံကိန်းတွေမှာ ဆယ်စုနှစ်နှစ်ခုကျော်အလုပ်လုပ်ခဲ့ပြီးနောက် မြန်မာနိုင်ငံကနေ ထွက်ခွာဖို့ရည်ရွယ်ထားတဲ့အကြောင်း ကြေညာခဲ့ပါတယ်။ အခုထုတ်ပြန်ချက်မှာလက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေအနေနဲ့ ယခုလို စစ်အုပ်စုနဲ့စီးပွားအတူလုပ်ကိုင်တာရပ်တန့်ဖို့ လုပ်ဆောင်လာမှုကို ကြိုဆိုပါတယ်။ ဒါပေမယ့်လည်း AFRY အနေနဲ့ သူတို့ဆက်ဆံနေတဲ့ စစ်အုပ်စုရဲ့သဘောထားအမှန်ကို နားလည်သဘောပေါက်မှု ပျက်ကွက်ခဲ့ပြီး တုန့်ပြန်မှုနှောင့်နှေးကြန့်ကြာခဲ့တဲ့အပေါ်မှာ စိုးရိမ်မှုများစွာရှိနေပါတယ်။

ပြည်တွင်းနဲ့ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းတွေရဲ့ဝေဖန်မှုတွေကြောင့် AFRY ရဲ့မြန်မာနိုင်ငံကထွက်ခွာဖို့ ဆုံးဖြတ်ချက်ဟာ ထွက်ပေါ်လာတာဖြစ်တယ်။ AFRY က သူရဲ့ရေကာတာစီမံကိန်းကြောင့်ထိခိုက်ခံစားရတဲ့ ပြည်သူလူထုရဲ့ တစိုက်မတ်မတ်ကန့်ကွက်ဆန့်ကျင်မှုကို လျစ်လျူရှုခဲ့ပြီး၊ ၂၀၂၁ ခုနှစ်စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းမှာလည်း မြန်မာအာဏာပိုင်တွေနဲ့ ဆက်လက်ပူးပေါင်းပြီး ငွေပေးချေတာတွေကို လက်ခံရယူခဲ့ကြောင်း သိရှိရတယ်။ Justice For Myanmar က ရရှိခဲ့တဲ့ ပေါက်ကြားလာတဲ့ စာရွက်စာတမ်းတွေအရ AFRY ဟာ စစ်အုပ်စုရဲ့ လျှပ်စစ်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနဆီက အတိုင်ပင်ခံလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၅ သန်းနီးပါး ရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံအတွင်း AFRY ရဲ့လုပ်ရပ်ဟာ ကုမ္ပဏီရဲ့လူ့အခွင့်အရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမယ့်ပြဌာန်းချက်တွေအပေါ် အလေးအနက် မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ ကုမ္ပဏီအနေနဲ့ စစ်အာဏာသိမ်းကြိုးပမ်းမှုနောက် မြန်မာနိုင်ငံက ထွက်ခွာမှာဖြစ်ကြောင်း ကြေညာနိုင်ဖို့ အချိန် ၂ နှစ်ကျော် ကြာမြင့်ခဲ့တာ ဖြစ်ပါတယ်။ ကုမ္ပဏီအနေနဲ့ လူမျိုးတုန်းသတ်ဖြတ်တာ၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုစွပ်စွဲချက်တွေနဲ့ ရင်ဆိုင်နေရတဲ့ စစ်အုပ်စုက တရားမဝင် ထိန်းချုပ်ထား

တဲ့ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနဲ့ စီးပွားရေးဆက်လက်လုပ်ဆောင်ဖို့ ရွေးချယ်ခဲ့တာ ဖြစ်တယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနဲ့ စစ်အုပ်စုခေါင်းဆောင်များအပေါ် အီးယူက ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ထားပေမယ့်လည်း စစ်အုပ်စုနဲ့ AFRY တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုက ဆက်လက်ရှိနေခဲ့တာ ဖြစ်ပါတယ်။

အခုအခါ AFRY က မြန်မာနိုင်ငံက ထွက်ခွာဖို့ ရည်ရွယ်ကြောင်း ကြေငြာထားပြီး၊ ကျွန်ုပ်တို့အနေနဲ့ ကုမ္ပဏီကိုအောက်ပါအတိုင်း တိုက်တွန်းပါတယ်။

- စစ်အုပ်စုကို နည်းပညာပံ့ပိုးမှုနဲ့ သူတို့နဲ့ ပူးပေါင်းဆောင်ရွက်တာ အားလုံးကို ချက်ချင်းရပ်ပါ။
- "AFRY အနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေမှာ ပါဝင်ပတ်သက်ခြင်းမရှိပါ" ဆိုတဲ့ သူတို့ရဲ့ ကောက်ချက်အတွက် အထောက်အထားတွေအပါအဝင် သူတို့ရဲ့ မြန်မာနိုင်ငံကလုပ်ငန်းတွေနဲ့ စပ်လျဉ်းပြီး လုပ်ဆောင်ခဲ့တဲ့ လူ့အခွင့်အရေးဆိုင်ရာလိုက်နာရမယ့် ပြဌာန်းချက်တွေကို လူသိရှင်ကြား ထုတ်ပြန်ပါ။
- စီးပွားရေးနဲ့လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမှုတွေနဲ့ နိုင်ငံစုံစီးပွားရေး လုပ်ငန်းတွေအတွက် OECD လမ်းညွှန်ချက်တွေနဲ့အညီ မြန်မာနိုင်ငံကနေ တာဝန်ယူမှုရှိတဲ့ ထွက်ခွာမှုဖြစ်စေဖို့လိုအပ်တဲ့ အစီအစဉ်အားလုံးကို ဆောင်ရွက်ပါ။
- ထိခိုက်ခံစားရတဲ့ ဒေသခံလူထုနဲ့ အနီးကပ်တွေ့ဆုံဆွေးနွေးပြီး မြန်မာနိုင်ငံမှာ AFRY ရဲ့လုပ်ငန်းတွေကြောင့် ဖြစ်ပေါ်ခဲ့နိုင်တဲ့ လူ့အခွင့်အရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုတွေကို စုံစမ်းဖော်ထုတ်ပါ။
- ဆိုးကျိုးသက်ရောက်မှုအားလုံးကို စနစ်တကျ ကုစား ဆောင်ရွက်ပါ။

ဆွီဒင်ဘဏ်ကြီးတွေအပါအဝင် ကုမ္ပဏီအတွက် ငွေကြေးကူညီသူတွေ၊ ရှယ်ယာရှင်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ လူ့အခွင့်အရေးဆိုင်ရာ ကတိကဝတ်တွေနဲ့အညီ ကုမ္ပဏီကို အဲ့ဒီလိုအပ်တဲ့ အလုပ်တွေ အသေအချာလုပ်ဆောင်ဖို့လည်း အရေးယူဆောင်ရွက်သင့်ပါတယ်။

## လက်မှတ်ထိုးထုတ်ပြန်သည့်အဖွဲ့အစည်းများ

Fair Finance Guide

Justice for Myanmar

Olof Palme International Center

Swedish Burma Committee

Swedwatch